PUBLISHED BY VIEW

# ဖျား

## နက်ဖြန်အဖို့ချစ်သူနှင့်
## အနီးတစ်ဝိုက်တွင်သာယာမည်



Digital Art: Idea Kyaw & Wai Yan

# အခန်း ( ၁ )

ကူရှင်မှာ ကိုယ်ကိုမှီထားပေမဲ့လျော့ရိလျော့ရဲပုံစံမျိုး မဟုတ်။ စတီယာရင်ကို လက်တစ်ဖက်ကဖိဆုပ်၍ တံတောင်းဆစ်ကို ဆန့်တန်းထားတာမို့ သူ့မျှော်လင့်ချက်တွေ ရင့်သန်နေသည် က သိသာ၏။

ကျန်သည့်လက်တစ်ဖက်က နှုတ်ခမ်းလွှာနှစ်ခုကြားမှာ ရှိုက်ဖွာထားသည့်စီးကရက်ကို လက်ညှိုးနဲ့ လက်မ ညှပ်ကိုင်ကာ ကူရှင်မှာ နောက်ပြန်တင်လိုက်သည် ။

နာရီကိုကြည့်တော့ ကိုးနာရီထိုးဖို့ သုံးမိနစ်။

ကားတစ်စီးနဲ့ တစ်စီး အလှမ်းကွာစွာမြင်နေရသည့် ဘေးလမ်းမကြီး၏ တူရူအရပ်သို့ စူးစိုက်ကြည့်ရင်း စီးကရက်ကို နှုတ်ခမ်းမှာ ပြန်တပ်သည် ။

နောက်ထပ်တစ်ရှိုက်၊ နောက် ...

စီးကရက်မီးခိုးဖြူဖြူလေးတွေ လွန့်ခါဝေ့ဝဲသွားစဉ် သူ့မျက်ဝန်းထဲသို့ စတီးရောင်ဖိတ်ဖိတ်လက်နေသော အမိုးဖွင့်ပြိုင်ကားလေး တစ်စီးဝေါခနဲ ပြေးတက်လာသည် ။

ထိုအချိန်တွင် ကိုးနာရီထိုးဖို့ စက္ကန့်ငါးဆယ်အလို။

ကိုးနာရီတိတိမှာ ကားလေးက သူ့ကားရှေ့မှာ ကန့်လန့် ဖြတ်ထိုးရပ်သွား၏။

"မဆိုးဘူး ကျော်၊ အတိအကျပဲ"

"မင်းချီးမွမ်းတာကို အမိအရ ဆွတ်ခူးဖို့ ငါ ရောက်လာတာ မဟုတ်ဘူး ကွဲ၊ မင်းရဲ့ မွေးနေ့ စနေနေ့နံနက် ကိုးနာရီဆိုတာကို အသိအမှတ်ပြုပေးလိုက်တာ"

"အဟွန်း"

မျက်မှန်နက်တပ်ထားသည့် ကျဲ နှုတ်ဖျားမှ ရယ်သံသဲ့သဲ့က ဆတ်ခနဲ ပခုံးတွန့်လိုက်တော့ ဘာဖြစ်ဖြစ် မပျော်ဝင်နိုင်သော မာကျောကျောအသွင်ကို ဆောင်နေသည် ။

ကျော်ကလည်း နှုတ်ခမ်းတင်းတင်းစေ့လျက်နှင့် ထိုနှုတ်ခမ်းများ သို့ စူးစိုက်ကြည့်ကာ ...

"ငါ့မှာ မွေးနေ့လက်ဆောင် မပါဘူး"

"သိတယ်"

"ပါလာလည်း မင်းစိတ်ဝင်စားမှာ မဟုတ်တာကို ငါသိတယ်"

"သေချာတာပေါ့"

"ဒါပေမဲ့ မွေးနေ့လက်ဆောင် မင်းအတွက် ငါပေးချင်တယ်"

"ပါမလာဘူးဆိုတော့ ငါစိတ်ဝင်စားတာကိုပဲ မင်းပေးမယ်ဆိုတဲ့ သဘောလို့ ယူဆလိုက်ရမှာ ပေါ့"

ကျော်က စတီယာရင်ကို ဆုပ်ထားသည့်လက်ကို လွှတ်၍ ခပ်ဖွဖွ လက်ပိုက်လိုက်ပြီး ...

"ပြောကြည့်လေ"

"ပြောကြည့်ဖို့ ဝါသနာ မပါဘူး၊ ပြောပြီးရင်ရမှ ဖြစ်မှာ ။ ငါ့အတွက်

တစ်ခုပေးမယ်လို့ မင်းရင်ထဲက ပြတ်သားလာခဲ့တယ်ဆိုရင် ငါပြောမယ်
”

ကျော်က ဟင့်ခနဲမဲ့ပြုံးကာ ...

“ပြော”

“မင်းရင်ထဲကဆူးကို နှုတ်ပစ်လိုက်ပါ”

ကျော့်မျက်နှာသည် ကြည်လင်သည့်ဖန်သားပြင်မှာ ရေငွေ့ ရိုက်သွားသလို မှိုင်းခနဲတစ်ချက် ဖြစ်၏။

အစကတည်းက မွေးနေ့လက်ဆောင်ပေးဖို့ ကို မင်းခေါင်းထဲ ထည့်ထားနော် လို့ ထည့်ပြောခဲ့ခြင်းအပေါ် သူ ရှောင်ရှားဖို့ သင့်သည့် ချည်နှောင်မှုတချို့ကို မှန်းဆကြည့်ပြီးသား။

ထိုထဲမှာ ဆူးနှုတ်ခိုင်းနိုင်သည် ကို တွေးမိခဲ့တာ ခပ်ရေးရေးပဲ ဖြစ်၏။

“ဘယ်လိုလဲ ကျော်၊ ငါ ပြန်လို့ ရပြီလား”

“ရပြီ”

“မင်း သဘောတူနိုင်လား”

“မတူဘူး”

“ဟား ... ဟား ... ဟား”

ကျဲက သူ့ဝသီအတိုင်း ရယ်သံသဲ့သဲ့နှင့် ခေါင်းကို အနည်းငယ် ငဲ့စောင်းလိုက်၏။

“ဒါဆို ငါညံ့သွားပြီထင်တယ်၊ မင်းရောက်လာတာမြင်ကတည်းက ငါ့အတွက် ပါ လာပြီလို့ တွက်လိုက်တာ”

“ငါပေးနိုင်တာတွေထဲမှာ စိတ္တဇနောမ် မပါဘူး ကျဲ၊ နှလုံးသား တည့်တည့် သွေးသားထဲမှာ နစ်ဝင်နေတဲ့ မမြင်ရတဲ့ ဆူးကို ငါ နှုတ်မပေးနိုင်ဘူး”

“မင်းရင်ထဲက ဘာဖြစ်ဖြစ် ငါစိတ်မဝင်စားပါဘူး၊ မြင်နေ ရတဲ့ ဆူးကို ဖယ်ထုတ်ပစ်ဖို့ ပြောတာ၊ မင်းရဲ့ လိုရာတောင်းဆိုတဲ့ အထဲမှာ ဘာဖြစ်ဖြစ် ငါ့ဘက်ကတောင်းခွင့်ရှိတယ်၊ အစကတည်းက ငါစိတ်ဝင်စားတာကိုပဲ မင်းပေးမယ်လို့ ပြောခဲ့ရင် ငါတောင်းတာကို ပေးနိုင်ရမှာ ပေါ့”

ကျော့်မျက်နှာမှ ဖြူစင်ခြင်းများ သည် ဆေးနီရောင်စွန်းထင်းသွားသည့် ပွင့်ဖတ်လွှာတစ်ခုနှယ် ပါးပြင်နှစ်ဖက်နှင့် နှာသီးဖျား ချွန်ချွန်တို့ မှာ ရဲတွတ်သွားသည် ။

ကျဲနဲ့ သူဟာ ဘာဖြစ်ဖြစ် အမြဲတမ်း အတိုက်အခံဖြစ်ခဲ့တာ ငယ်စဉ်ကတည်းကဖြစ်သည် ။

တစ်ယောက်ကိုတစ်ယောက် ခင်မင်တွယ်တာလှသည် မဟုတ်ပေမဲ့ ဒီနေ့ထိလည်း လက်တွဲမပြတ်ခဲ့ဘဲ တစ်စုံတစ်ယောက်က လာ၍ ကျော့်ကိုဖြစ်ဖြစ် ကျဲ့ကိုဖြစ်ဖြစ် ပုတ်ခတ်စော်ကားလာလျှင် မခံနိုင်တာချင်းတူသည် ။

နှစ်ယောက်က အမြဲတမ်း အတိုက်အခံဖြစ်နေတတ်သော်လည်း တစ်ယောက်ကိုထိလျှင် တစ်ယောက်ကနာသည် ။

ဘယ်သူခွဲခွဲမကွဲခဲ့သည့် လက်နှစ်ဖက်ဟာ အမြဲတမ်း အားပြိုင်မှုတွေ ရှိနေခဲ့တာ မခင်တွယ်လို့ လည်း မဟုတ်။

ကျော် တွေခနဲ တစ်ချက်ဖြစ်သွားစဉ် ကားစက်နှိုးသံသဲ့သဲ့ကြောင့် ချက်ချင်း သတိဝင်လာသည် ။

"နေဦး"

"ဘာလဲ ... သိက္ခာတွေထဲမှာ မင်းနှလုံးသားကြီးကို ဆေးစိမ်မလို့လား၊ လုပ်မနေပါနဲ့ ကွာ၊ ဒဏ်ရာကြီးနဲ့ ဆိုရင် ရေခဲမြစ်ထဲ ပစ်ချထားလည်း ဟက်တက်ကွဲကြီးနဲ့ ရှုံစရာကြီးနေမှာ ၊ ငါ မကြည့်ရက်ပါဘူး"

" မဟုတ်ဘူး ၊ မင်းကို ငါလိုက်လျောမှာ မဟုတ်ဘူး ၊ ဒါပေမဲ့ လက်ဆောင်အဖြစ် ငါပေးနိုင်ပါသေးတယ်၊ မင်းနဲ့ ငါ နှစ်ဦးသဘောတူ ငါက အပိုင်ရထားပေမဲ့ ခုချိန်ကစပြီး မင်း ကြိုးစားပိုင်ခွင့်ရှိသွားပြီး ငါကလည်း တစ်ယောက်တည်း ပထမရသွားတာမျိုး မလိုချင် ပါဘူး၊ ဘယ်လိုပဲ ကျေနပ်လား"

"ကျေနပ်တယ်ဆိုတာ ရောင့်ရဲခြင်းပဲကွ၊ မချိပြုံးမျိုး ငါ ဘယ်တော့မှ မပြုံးဘူး၊ ငါးမရရင် ရေချိုးမပြန်ဘူး၊ ရေတွေခမ်းသွားအောင် ရေကိုမီးရှို့ပစ်မှာ ၊ ရောင့်ရဲတတ်တာ လူညံ့ပဲ"

ကျော်က မျက်နှာတစ်ချက်မော့၍ ဟားခနဲရယ်သည် ။

"အောင်မြင်တဲ့ သူတိုင်း ဒီလိုပြောကြတာပဲ၊ ယုံကြည်မှုမှာ ဘရိတ်ရှိတယ်၊ ငါကတော့ သတိဆိုတာ အမြဲထားတယ်၊ မင်း အမြဲ အောင်မြင်နေဖို့ ကြိုးစားပါ"

"ဟုတ်တယ် ... ငါ့ရဲ့ အောင်မြင်မှုဟာ မင်းရဲ့ ကျရှုံးမှုပဲ၊ မင်းသာ ဘရိတ်ကိုမိအောင် ဆုပ်ထားစမ်းပါ"

ကျဲက ကားကို အနည်းငယ်ရွှေ့သည် ဆိုရုံလေး နောက်ဆုတ်လိုက်ပြီး လမ်းမပေါ်သို့ ဝေါခနဲ ကွေ့တက်လိုက်သည် ။

သို့သော် ကားနှစ်စီးက ကြက်ခြေခတ်သဏ္ဍာန် ကျောခိုင်းကာ ဆန့်ကျင်ဘက်လားရာများ ဆီသို့ ...။

*

# အခန်း ( ၂ )

နာမည်က မာယာဆူး။

ဆူးကလည်း ဖြစ်သေး။ မာယာကလည်း ရှိသေးသည် ။ အဲဒီ တစ်ယောက်တော့ သွားပြီ။

ဆိုသည့် ဝေဖန်မှုတွေ။

"လှလိုက်နလိုက်တာ ဝင်းမွတ်အိစက်နေတာပဲ၊ ဘယ်နေရာ ထိထိ လက်ရာထင်သွားနိုင်လောက်တယ်၊ ဒါပေမဲ့ ကြောက်တယ်"တဲ့ ။

ဆူးကလည်း ဘယ်သူ့ကိုမှ ဂရုမစိုက်ပါ။

ကွန်ပျူတာတက္ကသိုလ်မှာ အကောင်းဆုံးအချောဆုံးဆိုသည့် ဘွဲ့ကို ကိုယ့်သဘောနဲ့ ကိုယ် ရယူထားခဲ့တာမှ မဟုတ်ဘဲ။

"ဆူး ... နင်ဘယ်သူ့ကိုရွေးမှာ လဲ"

"ဘာလဲ"

"ကျဲရဲ့ အကြောင်းကို ပါးစပ်ထဲမှာ အမြဲထားတယ်၊ တွဲတော့ ကျော်နဲ့ ၊ ရှင်းရှင်းဝန်ခံဟာ၊ နိုင်ငံကျော်လား၊ ဒိတ်ဒိတ်ကျဲလား"

ပန်းရောင်ဖျော့ဖျော့လေးတင်ထားသည့် နှုတ်ခမ်းပါးအစုံမှာ အပြုံးသဲ့သဲ့လေး ပေါ်လာသည် ။

"နှစ်ယောက်စလုံး ငါ့ကို ပရိုပို့(စ်) လုပ်ဖူးတယ်"

"သိတယ်လေ"

"အခု ... ကျဲက ငါလက်မပြရသေးဘဲနဲ့ နောက်ဆုတ်ကျန်ခဲ့တာ"

"ကျော်နဲ့ တွဲနေတာက ..."

"ငြင်းစရာမှ မရှိတာ၊ ဒါပေမဲ့ ငါ အဖြေမပေးရသေးဘူး"

"ပေးဖို့ စိတ်ကူးရှိလို့ လား"

ဆူးက ပခုံးအောက်သာသာ အိတ္တွဲပြောင်လက်နေသည့် ဆံပင်တွေကို ကျောပေါ်ပြန်ရောက်အောင် လှလှလေး မျက်နှာပင့် တင်လိုက်ပြီ ...

"ကျဲ နစ်နာသွားမှာ စိုးရသေးတယ်"

"သူက ကျန်နေခဲ့ပြီဆို"

"သူတို့ က သူငယ်ချင်း"

"အဲဒါဘာဖြစ်လဲ"

"တစ်ယောက်ကဆုတ်ပေးလိုက်တော့ ဆုတ်တဲ့ သူက နစ်နာမှာ ၊ ပြိုင်ပွဲမဝင်ရသေးဘဲ ရှုံးတာ"

လင်းလဲ့က နှာခေါင်းလေးရှုံ့၍ နှုတ်ခမ်းပါမဲ့သည် ။

"သူတောင် ကျန်ခဲ့နိုင်လို့ ကျန်ခဲ့ပေးတာ၊ ထပ်ပြီး ရှင်းအောင်ပြောစမ်းပါ၊ နင်က ကျဲကို ပိုတာမဟုတ်လား"

"ထပ်ပြီး ရှင်းအောင်ပြောမယ်၊ ဘယ်သူ့ကိုမှ မပိုသေးဘူး"

"ဒါဆိုလည်း အနားမှာ အရိပ်လိုနေတဲ့ ကျော့်ကိုပဲရွေးလိုက်ပါ၊ ကျောင်းပြီးဖို့ က သုံးလပဲလိုတော့တာ၊ ရည်းစားလေးတစ်ယောက်မှ မထားဖြစ်လိုက်ရင် အိမ်တွင်းပုန်းလုပ်ရတော့မှာ ပျင်းစရာကြီး"

"နင်ကျတော့ရော"

"ငါက ဝဝပုပုလေးရယ် နင့်လိုမှ မလှတာ၊ ကြိုက်မဲ့သူလည်း မရှိဘူးလေ၊ နင့်မှာ ဒီလောက်ရွေးစရာများ နေတာကို"

ဆူးက လွယ်အိတ်ကိုပွေ့ပိုက်ရင်း ကျောင်းအဝင်ဝဆီ လှမ်းငေး၍ ...

"ကျော်က ပိုချောသလိုပဲ၊ ပြီးတော့ စကားပြောတာ ဆွဲဆောင်မှုရှိတယ်၊ မိန်းမတစ်ယောက်ကို အလိုမလိုက်တတ်ပေမဲ့ ဂရုစိုက်တယ်၊ သူနဲ့တွေ့တဲ့ အချိန်တွေတိုင်းကို ငါ ငြီးငွေ့ခဲ့တာမရှိသေးဘူး၊ ငါလိုချင်သလို မိန်းကလေးတစ်ယောက်အချစ်ကိုရဖို့ ဒူးထောက် ပြားဝပ်နေတဲ့ လူမျိုးလည်း မဟုတ်တော့ သူ့ရဲ့ ညှို့ငင်မှုတိုင်းကို ငါ စိတ်ဝင်စားတာပေ့ါ"

"ချစ်ဖို့ ပဲကျန်တော့တာ"

"အဲဒါကလွဲရင် သူ့ကို ငါ အားလုံးသဘောကျတယ်၊ ကျဲသာ ရှိမနေဘူးဆိုရင် သေချာပေါက်ပြန်ချစ်မိမှာ "

"ဒါဆို နင်က ကျဲ့ကိုပဲ ..."

"ဆုံးဖြတ်လို့ မရပါဘူးဆိုမှ ၊ ငါက အကဲခတ်ခွင့်မှ မရတာ၊ ဒါပေမဲ့ ကျဲက ကျော့်ထက် ပိုပြီးမာရေကျောရေရှိတယ်"

"အဲဒါ ကောင်းလား"

"ငါသဘောကျတယ်လေ၊ သူ့မျက်နှာမှာ အပြုံးအရယ်သိပ် မရှိတတ်ပေမဲ့ဒေါသမကြီးတတ်ဘူး၊ သူရဲ့ အေးစက်ခြင်းတွေနဲ့ တစ်ဖက်သားကို တုပ်နှောင်အလဲထိုးနိုင်တာမျိုး"

"နင် ... အထင်ကြီးနေတာလား"

"ဟုတ်တယ်ထင်တယ်၊ ဝါတာနီတာ ပူတာအေးတာ သူ့မျက်နှာသူ့မျ

က်ဝန်းတွေမှာ အကဲခတ်ရသိပ်မလွယ်ဘူး၊ မျက်နှမှာ အရောင်ပြောင်းမသွားအောင်ကို ထိန်းထားနိုင်တာ၊ ငါ ဖျောက်ဖျက် ပစ်လို့ မရနိုင်တဲ့ အရည်အချင်းပဲ”

“ဒါဆိုလည်း ... သိသာနေတာပဲ”

ဆူးက လင်းလဲ့ကို မျက်ဝန်းလေးထောင့်ကပ်၍ ပြုံးကြည့်သည် ။

“ဘာသိတာလဲ ... င့ါကိုငါတောင် ဘာမှန်းမသိဘူး၊ စိတ်ဝင်စားနေတာက နှစ်ယောက်လုံးကို သာတူညီမျှပဲ”

“ကျဲ့ကိုပိုတယ်လို့ ငါထင်တယ်”

“သူက ကိုယ့်အနားမှာ မရှိတဲ့ သူမို့လို့ လည်း ဖြစ်နိုင်တာပဲ”

လင်းလဲ့က ဆူးမျက်နှာလေးကိုကြည့်ရင်း စဉ်းစားနေသည် ။ ဒီလိုပဲ လွယ်အိတ်ကို လွယ်ထားပေမဲ့ အတန်းကို မရောက်မချင်း စာကြောင်း ပေကြောင်း ဆွေးနွေးဖြစ်တာလည်း မရှိခဲ့ဘဲ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ဆူးနဲ့ သူမဒိုင်ယာရီများကိုသာ ပြန်လှန်ဖတ် ရှုနေတတ်သည် ။

ဆူးဟာ အားလုံး ချစ်စရာကောင်းသော်လည်း သူမ၏ မနက်ဖြန်တိုင်းမှာ ရေရာတာ တစ်ခုမှ မရှိသည် က အလွန်ဆိုးဝါးသည့် အချက်ဖြစ်သည် ။

ဘာပဲမေးလိုက် မေးလိုက် ...

“မသိသေးဘူး၊ အဲဒါကို ခေါင်းထဲမှာ လုံးဝထည့်မထားဘူး”

“ဒါ ... င့ါကိစ္စမှ မဟုတ်တာ”

“မသိဘူးလေ၊ မနက်ဖြန်ဆိုတာ ဒီနေ့မှ မဟုတ်တာ၊ ကိုယ့်ဟာကိုယ်

သေချာနေတာကိုက မရေရာတာ”

စသဖြင့် သူမ၏ ဒဿနက တစ်မျိုး။

“လင်းလဲ့ ... နင်လည်း တစ်နေ့တစ်နေ့ ငါ့ရဲ့ မရေရာသော အကြောင်းတရားတွေထဲမှာ ပဲ စီးမျောနေရတာ မမောဘူးလား”

“မမောဘူး”

“ဒါဆိုလည်း လောလောဆယ်တော့ ဗိုက်ဆာတယ်ဟာ၊ ဝမ်းမီးငြိမ်းမှ ဖြစ်မယ်”

“ငြိမ်းလို့ မရဘူး၊ ဟောဟိုမှာ ကြယ်တစ်ပွင့်ကြွေ လာပြီ၊ လိုအပ်ရင် ငါက တစ်ယောက်တည်းထွက်သွားပေးရဦးမယ်”

“ကျဲ မဟုတ်လား”

ဆူးက နောက်လှည့်မကြည့်ဘဲမေး၏။

“တပ်အပ်သိနေပါလား၊ တကယ်တော်တယ်”

ဆူးက ခေါင်းလေးငုံ့၍ ရယ်သည် ။

ပျော့အိသောဆံနွယ်တွေ ပခုံးတစ်ဖက်မှ စောင်းကျသွားပုံက နုနုနွဲ့နွဲ့ လေးနှင့်လှနေသည် ။

“အဲဒါ စိတ်တန်ခိုးပဲ၊ ဒီနေ့ ငါ သူ့ကိုတွေ့ချင်စိတ်တွေ အရမ်းဖြစ်နေတာ”

“သူလာနိုင်တယ်လို့ လည်း ခဏခဏ တွေးမိနေတယ်”

ပြောနေကြတုန်းမှာ အလွန်နှစ်သက်ဖွယ်ကောင်းသည့် အကောင်းစားရေမွှေးနံ့တစ်ချက်က နီးနီးကပ်ကပ်လေး တိုးဝင်လာသည် ။

မရှေးမနှောင်းမှာ ပဲ ဆူးနံဘေးမှာ မြင့်မားသည့်အရိပ်တစ်ခု ကျလာ၏။

"ဆူး"

"ယူ အိပ်မက်ထဲမှာ လမ်းထလျှောက်လာတာတော့ မဟုတ် ဘူးထင်တယ်နော်"

ကျဲက နှုတ်ခမ်းထောင့်စွန်းတစ်ဖက်တည်းကို တွန့်တိုလေးတွဲစွာ လှုပ်ခတ်လိုက်ပြီး အပြုံးတစ်စအဖြစ် အရာထင်စေ၏။

"တို့ က အိပ်မက်မမက်တတ်ဘူး၊ ဒီကိုတမင်လာတာလို့ တကယ်မထင်တာလား၊ မသိချင်ယောင်ဆောင်နေတာလား"

"ဟင်"

ဆူးက မျက်ခုံးလေးပင့်၍ တမင် အူကြောင်ကြောင်ပုံလေးလုပ်ပစ်ကာ ...

"မသိဘူးလေ ... ပျောက်နေတာကြာပြီဆိုတော့ တမင်လာတာလို့ ဘယ်ထင်မလဲ၊ ဆူးဆီကိုလာတာ ... ဟုတ်"

"ဟုတ်တယ်"

ကျဲက လက်ထဲမှာ ကိုင်လာသည့် ကားသော့ကို အပေါ်တစ်လံလောက်ထိ မြှောက်တင်လိုက်ပြီး မကြည့်ဘဲ အလွယ်လေးပြန်ဖမ်း ယူလိုက်၏။

"ဆူးကို တို့ ပြောစရာရှိတယ်၊ ခဏလောက်အချိန်ရမလား"

ဆူးက နာရီလေးငုံ့ကြည့်၍ ...

"အချိန်ကရပါတယ်၊ ဒီနေ့ ဆူး တမင်စောစောထွက်လာတာလေ၊

ကျော်နဲ့ ချိန်းထားလို့ ”

ကျဲ မျက်ခုံးတန်းနှစ်ဖက် မသိမသာ တွန့်ခနဲဖြစ်သွား သည် ။

“ဘယ်အချိန်လဲ”

“ဆယ်မိနစ်လိုသေးတယ်”

“တို့ က အရင်ရောက်လာတာလေ၊ ဆူးက သူ့ကိုပဲစောင့်နေမှာ ဆိုရင် တို့ ဒီအတိုင်း လှည့်ပြန်သွားရမှာ လား”

ဆူးက လွယ်အိတ်ကြိုးလေးကို ပခုံးပေါ်ချိတ်တင်၍ ...

“ဆူးက အနာဂတ်ကို သိပ်စိတ်မဝင်စားတတ်ဘူး”

ဟု ပြော၍ နေရာမှ ထလိုက်၏။

တသုန်သုန်ဖြူးနေသည့် လေညှင်းပုံ့ပုံ့မှာ စကားဝါရောင် ကိုယ်ကျပ်အင်္ကျီပျော့တွဲတွဲလေးက လှုပ်ခတ်လျက် ဝင်းစိုအိစက်နေသည့် ဆူး၏ လှုပခြင်းများမှာ ကျဲ ငါးစက္ကန့်လောက် အသိမဲ့ ပျော်ဝင်သွားပြီးမှ ဆတ်ခနဲခေါင်းညိတ်သည် ။

“ကျေးဇူးတင်တယ်”

“ဘာအတွက်လဲ”

“တို့ ပခုံးဘေးမှာ လျှောက်ပါလာတဲ့ အတွက်”

တည့်တည့်မဟုတ်သော အကြည့်များက ခြေလှမ်းမှန်မှန် ယှဉ်သွားရင်း စက္ကန့်များ စွာ ဆုံဆည်းသွားသည် ။

“တို့ နောက်ကျသွားပြီလား ဆူး”

ဆူးက ခေါင်းလေးငုံ့ရယ်ကာ ...

“ပရိုပို့စ်လုပ်ထားတာက ကျဲကအရင်ပဲ”

“ခုကော ...”

“နောက်မကျသေးပါဘူး”

ကျဲက ဘောင်းဘီထဲလက်တစ်ဖက်ထည့်ထားရင်း တစ်လှမ်းချင်းလှမ်းနေရာမှ ကြိတ်ပြုံးသည် ။

သိသားပဲ၊ ကျော့်ကို ဆူး အဖြေမပေးရသေးဆိုတာ။

ရာသီဥတုက သာယာနေသည် ။

တကယ်ဆို ကျော်နဲ့ သူ ဂိမ်းကစားကြရင်း အမှတ်မထင် ပြိုင်ဆိုင်ရာက ဆူးကိုထည့်ကာ အလောင်းအစားလုပ်မိကြတာ ဖြစ်သည် ။

“ဒီပွဲမှာ မင်းရှုံးရင် မာယာဆူးကို လုံးဝ ဆက်မလိုက်ရဘူး ဘယ့်နှယ်လဲ”

စတင်စိန်ခေါ်သူက ကျော်။

ဆူး၏ ကျော်ကြားမှုသတင်းပေါင်းစုံကို သယ်ချလာတော့ အရင် စိတ်ဝင်စားခဲ့တာကလည်း သူပဲ ဖြစ်၏။

“အဲဒီတစ်ယောက်ကို ငါ ကြိုးစားဖို့ စိတ်ကူးထားတယ်”

“ငါက ဖွင့်ပြောပြီးပြီ”

“ဘာ ...”

“မင်းပဲ အားကျလောက်အောင် ခဏခဏ ချီးမွမ်းခန်းတွေ လာဖွင့်နေတာ၊ ငါ စိတ်ဝင်စားသွားတာပေါ့”

အဲဒီတုန်းက ကျော့်မျက်နှာပေါ်မှာ ဖြတ်သန်းသွားခဲ့သည့် ဒေါသရ

ထားရှည်ကြီးက ဥဩမဆွဲဘဲ ဆောင့်အောင့်ထွက်ခွာခဲ့သည် ။

ထိုအချိန်ထိ မခံချင်လို့ တမင်ပခုံးချင်းလိုက်ယှဉ်နေတာလည်း ရှိသေးသည် ။ ဒါပေမဲ့ ဆူးက ရင်ခုန်သံမြန်လောက်အောင် လှသူလေးမှန်း နီးနီးကပ်ကပ်ကြည့်လာရလေ သေချာလေ။

တကယ် ချစ်ရမှန်းသိပြီဆိုတော့မှ ဂိမ်းကစားကြရင် အတိုက်အခံဖြစ်ကြသည့်အထဲမှာ ဆူးက ပါလာတာဖြစ်သည် ။

မော်နီတာပေါ်မှာ ဖောက်ခွဲပစ်လိုက်သည့် စစ်ပွဲအပြီးမှ ကျော်က အားရပါးရရယ်မောကာ ...

"ကျဲ ... မင်းကတိအတိုင်းပဲနော်၊ ရပ်တန်းကရပ်ပေတော့"

ဘာမဟုတ်တာလေးအတွက် ပေးဆပ်လိုက်ရသည် က မတန်ဟု ကျဲထင်သည် ။

ဆူးကို လွှတ်ပေးလိုက်ရတာကော မော်နီတာပေါ်မှာ သူဖောက်ခွဲခံလိုက်ရတာကိုကော တနုံ့နုံ့ခံစား၍ အခွင့်အရေးကို သူစောင့်ခဲ့သည် ။

လိုချင်တာကို မရဘူးဆိုတာ ဖြစ်စရာလား။

သူတောင် ဒီလိုအခွင့်အရေးမျိုးဖြစ်လာအောင် ဖန်တီးယူနိုင်ရင် ကိုယ်က မရနိုင်တော့ဘူးဆိုပြီး မှိုင်တွေနေစရာလား။

မွေးနေ့ရောက်တော့မှ ကိုယ့်အလှည့်ပြန်ရောက်ခဲ့တာ နောက်မကျသေးဘူးဆိုသည် ကိုက ကိုယ့်ဘက်မှာ ခုနစ်ဆယ်ရာခိုင်နှုန်းလောက် ရှိနေပြီ။

ကျဲ လက်မနှင့် နှာခေါင်းတစ်ချက်ဆွဲ၍ ပြုံးသည် ။

မင်းက နိုင်ငံကျော်ပေမဲ့ ငါကလည်း ဒိတ်ဒိတ်ကျဲပဲ ... နိုင်ငံကျော်။

*

# အခန်း ( ၃ )

စန္ဒရားတီးသံက သံစဉ်ကို အမှန်အတိုင်းသွားနေတာပေမဲ့ လမ်းကြမ်းကြမ်းမှာ တရကြမ်းမောင်းနေသည့် နွားလှည်းတစ်စီးလို နားထဲမှာ ကြမ်းရှနေသည် ။

ဒေါ်သက်ထား နောက်ကို သမင်လည်ပြန်လှည့်ကြည့်ကာ ဖတ်လက်စစာအုပ်ကိုချ၍ ထလာသည် ။

"သား ... နိုင်နိုင် လက်သံကကြမ်းလှချေလား၊ သား တစ်ခုခုကို ဒေါသထွက်နေတယ်ထင်တယ်"

ကျော် မာမီ့ကိုမော့ကြည့်ကာ နဖူးကိုပွတ်လျက် လက်ချောင်းတွေကို ဆံပင်ထဲထိ ထိုးသွင်းဖွပစ်လိုက်၏။

"ကျွန်တော့်ကို နိုင်နိုင်လို့ မခေါ်ပါနဲ့ တော့ မာမီရာ၊ မိန်းမလိုလို ယောကျ်ားမဆန်သလိုလို၊ ပျော့ပျော့နွဲ့နွဲ့နဲ့ ၊ ကျွန်တော်မကြိုက်ဘူး"

ဒေါ်သက်ထားက သားဖြစ်သူမျက်နှာကို မေးဖျားမှ မော့ယူလိုက်ကာ နဖူးဆံစတွေကို တယုတယသပ်တင်၏။

"ချစ်လွန်းလို့ ဟိုတုန်းကတည်းက ဒီလိုပဲခေါ်လာခဲ့တာ၊ ခုတလော သား ဘာတွေဖြစ်နေလဲ ပြောစမ်း၊ စာကြည့်စားပွဲထိုင်လည်း မျက်မှောင်ကြီးကုတ်ပြီး ငိုင်ငိုင်နေတယ်၊ စာလည်း ဟုတ်တိပတ်တိ မကြည့်ဘူး၊ ဘာလဲ ... ကျဲနဲ့ အတိုက်အခံတွေလုပ်ကြပြီး ရှုံးသွားလို့ လား

၊ လူဆိုတာ အောင်မြင်တဲ့ ဝမ်းသာကြည်နူးမှုကို မက်မောတတ်ရင် ကျရှုံးတဲ့ အခါလည်း ခံနိုင်ရည်ရှိရတယ်”

သူငိုင်နေတုန်း ထင်သလိုကောက်ချက်ချကာ မှားယွင်းစွာ စွပ်စွဲပြောဆိုနေသည့်မာမီ့ကို စိတ်ရှည်စွာကြည့်ကာ ဖျတ်ခနဲ ထရပ်လိုက်၏။

“နည်းနည်းလေးပဲမှန်ပြီး အားလုံးမှားနေတယ် မာမီ၊ အတိုက်အခံတွေဖြစ်ကြတာက သူနိုင်လိုက် ကိုယ်နိုင်လိုက်ပဲ၊ အခု ကျွန်တော် နိုင်တယ်၊ သူရှုံးတယ်”

“ဒါဆို သားက ...”

“အခု ကျွန်တော် အောင်လက်မှတ်ပျောက်သွားတယ်မာမီ၊ အလစ်အငိုက်တစ်ချက်မှာ သူ အလဲထိုးသွားတာ”

“သား ခံစားနေရာတ အဲဒါကြောင့်ဆိုရင် မာမီပြောတာ မမှန်ဘူးလား၊ အခု သား ဒေါသတွေထွက်နေတာ ...”

“ မဟုတ်ဘူး မာမီ၊ ပြိုင်ပွဲချင်းမတူဘူး၊ အခုပြိုင်ပွဲက အချစ်ကို အနိုင်လုရမှာ ၊ သူက ...”

“နိုင်နိုင်လေးရယ်၊ မိန်းကလေးတစ်ယောက်ကို ...”

“နေဦးမာမီ၊ အခု ပိုအရေးကြီးသွားတာက နိုင်နိုင်လို့ ခေါ်တဲ့ ကိစ္စကြီးပဲ၊ ကျွန်တော့်ကို နိုင်နိုင်လို့ ခေါ်တာ မာမီတစ်ယောက်ပဲကျန်တော့တယ်၊ ဒယ်ဒီကော သူငယ်ချင်းတွေကော ကျွန်တော်မကြိုက်မှန်းသိလို့ အားလုံး ကျော်ပဲဖြစ်ကုန်ကြပြီ”

“မာမီကတော့ ကျော်လို့ မခေါ်ချင်ပါဘူး၊ နိုင်နိုင်ဆိုတာလေးကို ပိုချစ်တာ”

“ကျွတ်”

စိတ်ညစ်တာတွေ စိတ်ပျက်တာတွေစုပြုံကာ ကျွတ်ခနဲ စုတ်သပ် ဖြစ်၏။

နိုင်နိုင်လို့ ခေါ်မှာ ပဲ ချစ်ရပြန်သတဲ့ ။

သူ ဘယ်လိုရှုံ့မဲ့ညည်းတွားနေနေ ပြုံးနေသည့်မာမိုးအပြုံး ကလည်း သူဟာ တကယ့် ကလေးငယ်၊ သူငယ်နှပ်စား၊ ဘာမှ မဖြစ်လောက်တာလေးမို့ နားလည်ခွင့်လွှတ်နေသည့်နှယ်။

ထပ်ဆင့်၍ စိတ်ပျက်ရှုပ်ထွေးကာ ဆိုဖာပေါ်မှာ ထိုင်ချလိုက်သည် ။

မာမီကလည်း ဆင့်ပွား စိတ်ညစ်ဖွယ်ကောင်းသည့် ရယ်သံ လွင်လွင်နှင့် အနားမှာ လာထိုင်ပြန်သည် ။

“သားက ချစ်သူရှာချင်ပြီဆိုတော့ ကလေးလေးလိုသဘောထားပြီး မာမီက နိုင်နိုင်လို့ ခေါ်တာကို မကြိုက်တော့ဘူးပေါ့၊ ဟုတ်လား”

သူ ဆတ်ခနဲပဲ ခေါင်းညိတ်လိုက်သည် ။

“ဟုတ်တယ် ... ကျွန်ုပ်ကိုဆို သူ့ဒယ်ဒီက ယောကျ်ားကွ ဆိုတဲ့ စကားတစ်ခွန်းနဲ့ ငယ်ငယ်ကဆို ဘယ်မှာ ချော်လဲလဲ တော်ရုံအမြင့်က ပြုတ်ကျဦး ပြေးတောင်မထူဘူး၊ ဒီကောင်ကလည်း ဟိုတုန်းကတည်းက ဘာမဆို ဇွတ်တရွတ်မရမကလုပ်တာ၊ သူနဲ့ ကျွန်တော်ယှဉ်လိုက်တိုင်း အတော်များများမှာ ကျွန်တော်ရှုံးခဲ့တယ်၊ အဲဒါ နိုင်နိုင်လို့ မာမီ တယုတယခေါ်ခဲ့တာနဲ့ အများကြီးဆိုင်တယ်”

ထိုအခါကျမှ မာမို့မျက်နှာတွင် စိတ်မကောင်း ကြေကွဲသော အရိပ်ကလေးများ ပေါ်လာသည် ။

"သားရယ် မိဘတိုင်းဟာ အထူးသဖြင့် မိခင်တိုင်းရဲ့ ရင်ထဲမှာ ကိုယ့်ရင်သွေးဟာ ထာဝရကလေးလေးပါပဲ၊ အနောက်နိုင်ငံတွေမှာ ဘယ်လိုထုံးစံ ယဉ်ကျေးမှုတွေပဲရှိရှိ မြန်မာအမျိုးသမီး မိခင်တိုင်းကတော့ ဒီအတိုင်းပဲ၊ သားသမီးဘယ်အရွယ်ပဲရှိရှိ လင်ယူ မယားယူပြီး မျက်စိအောက်ကခွဲထွက်သွားကြတဲ့ အထိ ငါ့သားလေးကျန်းမာရဲ့ လား၊ ငါ့သမီးလေး ယောက္ခမ ယောက်မနဲ့ အဆင်ပြေပပ့ါမလားဆိုတာတွေနဲ့ ပူပန်ပြီး အိုးခွဲအိမ်ခွဲ ထွက်သွားတာတောင် တကောက်ကောက်လိုက်နေကြတဲ့ မိခင်တွေဟာ မြန်မာအမျိုးသမီးတွေပဲ၊ သိပ်ကိုနွေးထွေးနူးညံ့တဲ့ မေတ္တာတရားပါ"

မာမီ လှိုက်လှိုက်လှဲလှဲ ခံစားပြောနေတော့လည်း သူ့မျက်ခုံးတွန့်ကွေးနေတာတွေ ပြေကျသွားခဲ့သည် ။

အဲဒီလို ကျေလွယ်ပျက်လွယ်တာကိုက ကျဲနဲ့ မတူတဲ့ ကွာဟချက်ပဲ၊ ကျဲဆိုတဲ့ ကောင်က တောင်းပန်တိုင်း သနားတတ်တာမဟုတ်။

ခြောက်လို့ လည်း မကြောက်။

ရှင်းရှင်းပြောရလျှင် သူ့လို ကြေလွယ်ပျက်လွယ်တဲ့ သူမဟုတ်။

သူ့မှာ တော့ "ငါ့သားကယောကျ်ားကွ" လို့ ဘီလူးဆိုင်းတီးပေးမဲ့သူမရှိ။

"သားလေးက ချောလွန်းလို့ ငယ်ငယ်ကဆို တို့ က ဂါဝန်လေးတွေတောင် ဝတ်ပေးထားခဲ့တာ၊ ကြည့်ပါလားစိုးရဲ့ ၊ တို့ သားက မျက်တောင်တွေကိုက ရှည်ပြီးကော့နေတာ၊ မိန်းကလေးတချို့တောင် ရှိတတ်ကြတာ မဟုတ်ဘူး "

မိတ်ဆွေတွေရှေ့မှာ မာမီက ဒီလိုပဲပြောတတ်ခဲ့တာ သူ မှတ်မိသေး

သည် ။

“ထားကလည်း ကွယ်၊ ဘယ့်နှယ် ကလေးကို ခြေချင်းဆင်ရတာလဲ၊ ဒါ မိန်းကလေးတွေမှ ဆင်ရတာကို”

“မောင်ရယ် ... ခုခေတ်မှာ နားကွင်းတွေ နားကပ်တွေတောင် လိုက်ဝတ်နေကြတာ၊ မောင်မမြင်ဖူးဘူးလား၊ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် လှချင်နေကြတာ ဘာမှ မကွာဘူး၊ ကလေးပဲဥစ္စာကို”

“ဒီမိန်းမတော့ ခက်ပြီ”

ဒယ်ဒီက ဒါပါပဲ။

မာမီဘာလုပ်လုပ် အပြင်းအထန် အတိုက်အခံ တားမြစ်ခဲ့တာမရှိ။

ထိုစဉ်က ခြေကျင်းတင်မကသေးပါ။

နားကွင်းတွေ နားကပ်တွေထိ မာမီကဆင်သည် ။

ငယ်ငယ်ကတည်းက ဒါတွေဝတ်ဆင်လို့ လှလိုက်တာဆိုသည့် စိတ်မျိုး မဝင်ခဲ့တာလည်း ကျဲကို ရှက်၍ ဖြစ်၏။

“ဟားဟား ... နားကပ်ကြီးနဲ့ ကြည့်ပါဦး၊ နွားနို့ပို့တဲ့ ကုလားမကျနေတာပဲကွာ”

“ဟော့ကျော် ... မင်းမျက်လုံးတွေကို ရောင်ခြယ်တွေတင်ပြီး ခြယ်ကွာ၊ မင်းက မိန်းမနဲ့ တူတယ်၊ ငါက ယောကျ်ား၊ မင်းနဲ့ ငါ စုံတွဲပုံရိုက်ပြီး ဟိုကောင်တွေကိုညာရအောင်”

“ဘာကွ ... မင်းက ငါ့ကို မိန်းမလျာလို့ ပြောတာပေါ့၊ ဒီမှာ မျက်နှာကို သေသေချာချာကြည့်ထား”

“ကြည့်လေတူလေပဲ၊ မိန်းမနဲ့ ”

“ကျဲ”

သူနဲ့ ကျဲ ထိုးမယ်ကြိတ်မယ်ထိ ဖြစ်ခဲ့ဖူးတာ၊ ကိုးတန်းကျောင်းသား တွေပင် ဖြစ်နေပြီ။

ကျဲ့ကို သူ ဘယ်လိုပဲယှဉ်ယှဉ် မာမီ့ကြောင့် သူ အောက်မှာ အမြဲရောက်နေသလို ခံစားခဲ့ရသည် ။

“အို ... သား စကိတ်မစီးရဘူး၊ အမလေး လဲလိုက်ရင် နည်းတဲ့ အရှိန်မဟုတ်ဘူး ၊ ပွန်းပဲ့ကုန်မှ ဖြင့်”

“ချောင်းသာကိုမလိုက်ရပါဘူး၊ နိုင်နိုင့်ကို မာမီ လုံဝ စိတ်မချဘူး၊ သားလေးက ရေကူးကန်ထဲမှာ တောင် ခဏခဏ ကြွက်တက်တတ်တာ၊ ရေရှင်နဲ့ ရေသေက တူတာ မဟုတ်ဘူး ”

“သား ... နိုင်နိုင် ပိတောက်ပင်ပေါ်မတက်နဲ့ ၊ သူက ကျဲတက်လို့ လိုက်တက်နေပြန်ပြီ”

မာမီက အစိုးရိမ်ကြီးလွန်းသည် ။ နေရင်းထိုင်ရင်း သူနဲ့ ကျဲကြားမှာ ကွာဟချက်တွေဖြစ်လာတာကိုလည်း ဂရုစိုက်ပုံမပေါ်။

ဒါတွေအားလုံးကို အချိုးကျခွဲထုတ်ကြည့်လိုက်တော့ အပြစ်ဆိုသည့် အမြင့်ဆုံးထိပ်မှာ မာမီရှိနေသည် ။

ငရဲကြီးရလောက်အောင် မာမီ့ကို ပြစ်မှားတာတော့မဟုတ်ပါ။ ဒါပေမဲ့ နိုင်နိုင်လို့ ခေါ်ခဲ့တာကိုကော အရမ်းအလိုလိုက် ယုယခဲ့တာကအစ ယုယကြင်နာမှုမှာ လွင့်ပါးမသာယာတတ်ခဲ့သော ကျော့်မှာ ကျဲကဲ့သို့ ကျားလျားလိုသည် ။ သို့သော် ငယ်စဉ်က မာမီ့သဘောအတိုင်းဖြစ်ခဲ့၍ နုခဲ့နွဲ့ခဲ့ရခြင်း စသည် ဖြင့် မကျေနပ်ခြင်းတို့ အုံဖွဲ့လာခဲ့၏။ ခံစားခဲ့ရသမျှထဲမှာ ဒီနေ့ကအဆိုးဆုံး။

"သားက မာမီ့ကို မကျေမနပ်ဖြစ်နေလားဟင်"

မဟုတ်ပါဘူးမာမီ၊ နိုင်နိုင်လို့ မခေါ်စေချင်တော့တာ၊ ကျွန်တော့်စိတ်တွေ ပြင်းထန်ပေမဲ့ မပေါက်ကွဲတတ်ဘူး၊ စွဲလမ်းတတ်တယ်၊ သဝန်ကြောင်တတ်တယ်၊ ဒါကို သဝန်ကြောင်တတ်မှန်းမသိအောင် မစွဲလွမ်းတတ်သလိုလို ကျွန်တော် မနေတတ်ဘူး၊ ကျဲက ကျွန်တော်နဲ့ မတူဘူး မာမီ၊ အားလုံးက ဆန့်ကျင့်ဘက်ပဲ၊ ငယ်ငယ်က ဒါတွေ အရေးမပါခဲ့ပေမဲ့ အခု သိပ်ကိုအရေးပါနေပြီ၊ ဒီအကျင့် ဒီအပြောတွေနဲ့ ကျွန်တော့ကို အလဲထိုးနေတာ"

"တစ်လျှောက်လုံး သန့်စင်တဲ့ တက္ကသိုလ်ကျောင်းသားဘဝနဲ့ ကျော်ဖြတ်လာခဲ့သမျှ ကျောင်းပြီးမှ ပဲ ဘယ်လိုပြဿနာတွေ တတ်နေလို့ လဲ သား၊ မာမီက သားကို အိမ်ထောင်ချထားပေးဖို့ တောင် စီစဉ်နေတာ၊ ဟိုဘက်ကိုလည်း စကားကမ်းလှမ်းပြီးပြီ"

ပိုဆိုးသွားပြီ။

ကျော် စကားပင်မပြောနိုင်တော့ဘဲ မာမီ့ကို တအံ့တသြကို ကြည့်မိ၏။

ဘယ့်နှယ် ကျောင်းပြီးတဲ့ နေ့မှာ မိန်းမတစ်ယောက် ချက်ချင်းကောက်ယူရတော့မလိုပါလား။

"အဲဒါတော့ မာမီတကယ်မကောင်းတာ၊ ရည်းစားတောင် မထားရသေးဘူး၊ မိန်းမယူရမယ်လို့ ပဲ၊ အချစ်ကို လိုချင်တာကသပ်သပ်၊ အိမ်ထောင်ဆိုတဲ့ မယားက တခြား၊ ကျွန်တော် တဏှာကျွန် အဖြစ်ခံဖို့ ထိတော့ စိတ်မဝင်စားသေးဘူး"

"အချစ်တွေ မေတ္တာတွေမပြောနဲ့ သား၊ သားအရွယ်ရောက်နေပြီ၊ ပ

ညာစုံပြီ၊ မိဘဝတ္တရားက သားသမီးအိမ်ထောင်ရေးကို သင့်တော်တဲ့ အတိုင်းစီစဉ်ပေးဖို့ ပဲ”

ကြည့် ... ဒါကျတော့ သားအရွယ်ရောက်ပြီတဲ့ ။

“မာမီက သားလေးကို ငယ်ငယ်ကတည်းက သူမတူအောင် ချစ်ခဲ့တာ၊ ဖြစ်နိုင်ရင် ပါးစပ်ထဲမှာ ငုံထားပြီး လေးတိုးမခံချင်လောက်အောင်ကို ယုယစောင့်ရှောက်ခဲ့တာ”

“အဲဒါတွေကို ကျွန်တော်ကတော့ မလိုလားခဲ့ပါဘူး”

သူ့စကားကြောင့် မာမီ ဆတ်ခနဲဖြစ်သွားကာ စိုက်ကြည့်လာတာကို ကျော် မသိချင်ယောင်ဆောင်နေလိုက်၏။

“နိုင်နိုင် ... သား မာမို့စေတနာ မေတ္တာတွေကို အမြစ်က လှန်ပြီး ချိုးဖဲ့ဖျက်ဆီးပစ်ချင်တာလားဟင်”

“ကျွန်တော်ပြောတာက ...”

“ဘယ်သဘောပဲဖြစ်ဖြစ်၊ မာမီ အခုဖြစ်စေချင်တာကို သားက ဖြစ်ပေးလိုက်ဖို့ ပဲ၊ ရည်းစားထားတာကို မာမီသဘောမကျဘူး၊ အထိအတွေ့တွေမှာ သာယာပြီး အချစ်ကို လက်နှက်ကြီးတစ်ခုလို အကြောင်းပြကောင်းကောင်း နဲ့ မိဘကို အတိုက်အခံလုပ်ရဲလာတာပဲရှိတယ်၊ ပြီးတော့ ဘာတွေဖြစ်ကုန်ကြလဲ”

“ဒီလိုပဲ စွန့်စားထွက်ကြရင်းနဲ့ သာယာချမ်းမြေ့နေကြတာတွေလည်း ပြစရာရှိပါတယ် မာမီ”

ကျော်က အထွန့်တက်၏။

“အဲဒါကိုက မိဘကို ဘယ်လိုရင်ဆိုင်မယ်၊ ဘယ်လိုကျော်လွှားမယ်

ဆိုတဲ့ စိတ်ကူးတွေ သားမှာ ရှိတာ၊ ဘာလဲ သားက ကျဲ့ကို အတုယူနေတာလား”

“ဟာ … လုံးဝ … လုံးဝပဲ၊ ကျဲနဲ့ ကျွန်တော်က တကယ့် ဆန့်ကျင်ဘက်တွေ”

အတုယူစရာလား၊ မာမီပြောသမျှထဲမှာ ကျဲကို ဘာသာထိုးထိုး ထည့်ထည့်လာတာကိုက ကျဲ့ကို အလိုလိုနေရင်း လူတွင် ကျယ် လုပ်ခိုင်းနေတာ။

သူမကျေနပ်တာ အဲဒါပဲ။

“ကျော် … ညက ထမင်းဝိုင်းမှာ မာမီ ငါ့ကို ဘာပြောတယ်ထင်လဲ၊ ကျောင်းပြီးဖို့ က ငါးလလောက်ပဲလိုတော့တာ၊ သားအတွက် မာမီ ချွေးမ ရှာရတော့မယ်တဲ့ ”

“အဲဒါ ငါကရယ်တော့ ဒယ်ဒီက နားလည်သွားတယ်ကွ၊ ကိုယ့်သားပုံကိုလည်း ပြန်ကြည့်ဦးတဲ့ ၊ ကိုယ်က သင့်တော်တယ်ထင်လို့ စီစဉ်ပေမဲ့ သူက မနာခံရင် ကိုယ်ပဲ မျက်နှာပျက်ရမှာ ၊ ဆင်ဆင် ခြင်ခြင်လုပ်တဲ့ … အဟား …”

ကျဲ သူ့ကို ပြောပြခဲ့တာမကြာသေး။

ကျဲ့ကိုကျတော့ သူ့မိဘက နားလည်ကြသည် ။

အဲဒါ ကျဲ တစ်ခွန်းထိုး ပြောမရဆိုမရ လုပ်တတ်လွန်းလို့ နားလည်ပေးကြရတာ။ သူ့မှာ တော့ ဘယ်တုန်းကမှ ကို လွန်ဆန်ခွင့် မရှိခဲ့တာ။

ဒယ်ဒီက မာမီ့ကို အလိုလိုက်သည် ။ အားလုံး မာမီ့သဘော၊ မာမီက သူ့အပေါ် အကြင်နာချစ်ခြင်းများ နှင့် တုပ်နှောင်၍ ဘာကိုမှ လွန်ဆန်ခွင့်မရှိစေရ။

နေရာတကာ မာမီ့ချစ်ခြင်းများကြောင့် သူ့မှာ မွန်းကြပ်ခဲ့ရသည် ။

မှုန်ကုတ်ကုတ်ဖြစ်နေသည့် ကျော့်ကို မာမီက နှုတ်ခမ်းဖျား စေ့ပိတ်လျက် စူးစိုက်ကြည့်နေ၏။

ပြီးမှ ...

“မဖြစ်ဘူး၊ သားကို မာမီ စိတ်မချတော့ဘူး၊ ရည်းစား မထားဖူးဘဲနဲ့ တောင် မိဘကို ဒီစကားတွေပြောနေတာ၊ ရည်းစားလေးနဲ့ အချစ်သူရဲကောင်းကြီးလုပ်တတ်လာရင် ဘယ်လိုမှ ကိုထိန်းလို့ ရတော့မှာ မဟုတ်ဘူး ”

“မင်္ဂလာကိစ္စကို မြန်မြန်သေချာအောင် စီစဉ်မှ ကိုဖြစ်မှာ ”

သူ အထွန့်တက်မှာ စိုး၍ လား၊ အပိုင်တွတ်သွားသည် လား မသိ။

မာမီက စကားတောင်မဆုံးလိုက်ဘဲ ချာခနဲလှည့်ထွက်သွား၏။

ကျော့်ရင်ထဲမှာ လှိုက်ဆူနေပေမဲ့ ဘာမှ လည်း မပြောဖြစ်လိုက်။

န ၁းထ`မ ၂ ၁ တန့္နံ့ပြန်လည်ကြားယောင်နေသည် က ဝါကျလေးတစ်ကြောင်း။

“ဆူး ... ကျဲနဲ့ ပါသွားတယ်လေ၊ ခုနလေးတင်ပဲ”

သူ့နှုတ်ခမ်း တွန့်ခနဲမဲ့သွား၏။

ကောင်းပါတယ်၊ ပြိုင်ဘက်ရှိမှ အဓိပ္ပါယ်ရှိမှာ ပဲ ... ကျဲ။

မင်း ကြိုးစားလိုက်စမ်းပါ။

သူ့ရင်ထဲမှာ ကျဲ့အပေါ် နေရာတကာ အံ့ဖွဲ့ခဲ့သော အားသစ်များ စွာ လန်းစွင့်နေခဲ့သည် ။

*